



# ချစ်ခြင်းအားဖြင့် ချစ်ခြင်းဖွဲ့စကားလုံးများ

## လှကျော်သစ်

**အချစ်**

စွဲမက်သွား
သိထား
ဝှက်ထား
နှလုံးသားရဲ့ တစ်ဦးဆိုင်နာမ်

ကွဲပျက်သွား
ဆုံးပါး
လုံးပါး
အရှုံးသမားရဲ့ အများဆိုင်နာမ်

**လူဇော်သစ်**
(သရဖူ၊ ၁၉၉၉ နိုဝင်ဘာလ)

# ငါ့သင်းကွဲညနေ

ညီမလေးရေ
ကောင်းကင်အဖြူထည် စာမျက်နှာပေါ်
ငါဟာ
နိဒါန်းအဖြစ် ကွေ့ကောက်စွာ ရေးခြစ်ခံရသူပါ။

ညီမလေးရေ
ဒါ ငါကိုယ်တိုင် ပိုးမွေးခဲ့ ညနေခင်းပဲပေါ့
ဖော်ဝေးငှက်တစ်ကောင်လို
အဝေးလွမ်း လွမ်းမောမှု ပူပြင်းခေါင်ခိုက်ခေါ်သံထဲ
ကန္တာရ နွေတွန်ရာ ငါ့ရာသီတွေ သွန်းချခဲ့။

ညီမလေးရေ
အနွေးထွေးဆုံး အိပ်ပာန်ဆောင်ခြင်းနဲ့
တစ်သက်တာ ငါ့အတွေးအခေါ် မင်နီစွန်းခဲ့ပေါင်း များပြီ။

ညီမလေးရေ
ဟိုအဝေးဆုံးအရပ်က ဝါးလုံးကွဲတောထ ဂီတသံ
ယုံယုံကြည်ကြည် နားဆင်ဖို့
ရောင်နီမစိုးသေးဘူးလားကွယ်။

ညီမလေးရေ
ဒီလက်ချောင်းတွေ တွားသွားရာအရပ် ဘာလဲကွယ့်
မှားယွင်းနေတဲ့နေရာ
နောက်ထပ် ငါ့လက်ချောင်းတွေ သေဆုံးရတော့မလား
ငါကိုယ်တိုင် ရှင်သန်ပစ်ချင်ရဲ့။

ညီမလေးရေ
ချစ်ဦးသူဆီ နေဝင်ခြင်းမှာ အိပ်မက်သစ်တို့ သယ်ဆောင်ခွင့်ပေးပါ
အဲဒီအိပ်မက်ထဲမှာ
အနာဂတ်အားမာန် ပါတယ်
နိုးကြားမှုအဟုန် ပါတယ်
နံနက်ခင်းတစ်ခုရဲ့ ဖူးပွင့်စ အရဏ်အလင်းတန်းတွေ ပါတယ်
နှောင်ကြိုးမဲ့ ပဋိပက္ခတွေရဲ့ မျဉ်းဖြောင့်တစ်ကြောင်း ပါတယ်
သက္ကရာဇ်တွေ ထမ်းပိုးမယ့် လက်ရုံးနှစ်ခု ပါတယ်။

ညီမလေးရေ
အခုတော့ ငါဟာ
အလှမွေး ဖန်လှောင်အိမ်ထဲက ငှေါ်ငါးတစ်ကောင်လို
ကိုယ်ပိုင်အလှ ကိုယ်တိုင် ခံစားခွင့်မရခဲ့သူပါ
ဒီလိုနဲ့
ငါ့ညနေခင်းဟာ မနက်ဖြန်ပေါင်းများစွာ မော်ဖူးခဲ့ရပေါ့။ ။

**လူဇော်သစ်**
(သောင်းပြောင်း၊ ၂၀၀၁ ဇန်နဝါရီလ)

# ကျွန်တော်ဆက်ရေးချင်သော ကဗျာများ

ကျွန်တော့်ကဗျာထဲ
အနန္တောအနန္တငါးပါး ဦးထိပ်လို့
နေ့စဉ် ဝတ်ပြုခဲ့ရ ထိခြင်းငါးပါးအကြောင်း ပါချင်ပါမယ်။
ကျွန်တော့်ကဗျာထဲ
အမြဲတမ်းကောက်ယူသိမ်းဆည်းခဲ့
စိတ်အတိုအထွာများရဲ့လွယ်အိတ်တစ်လုံးအကြောင်း ပါချင်ပါမယ်။
ကျွန်တော့်ကဗျာထဲ
မျက်ရည်အတုများ ပျော်ဝင်စီးဆင်းရာ
စင်တင်ပြဇာတ်တစ်ပုဒ်လုံးတေးသွားအကြောင်း ပါချင်ပါမယ်။
ကျွန်တော့်ကဗျာထဲ
ရေခဲသေတ္တာထဲကလတ်ဆတ်မှုမျိုးနဲ့
မွေးကတည်းက တရားမကျ ပေါချောင်ကောင်း ဝမ်းဗိုက်များအကြောင်း
ပါချင်ပါမယ်။
ကျွန်တော့်ကဗျာထဲ
ရည်ရွယ်ချက်တွေ တစ်နေ့တစ်လုံး မှန်မှန်သောက်ပေမယ့်
အာနိသင်ပြယ်ခဲ့ရ ပြက္ခဒိန်ရက်စွဲများအကြောင်း ပါချင်ပါမယ်။
ကျွန်တော့်ကဗျာထဲ
လမ်းမဘက်လှည့်ပြီး ဖော်ရှူးရိုက်ပြထားတဲ့
စပါးကြိတ်ခွဲစက်ရုံထဲက ဖွဲပုံကြီးအကြောင်း ပါချင်ပါမယ်။
ကျွန်တော့်ကဗျာထဲ
နေ့စဉ် ရေမချိုးဘဲ
ရေမွှေးဖြန်း၊ ပေါင်ဒါရိုက် ညှော်သည်တွေအကြောင်း ပါချင်ပါမယ်။
ကျွန်တော့်ကဗျာထဲ
သစ်ရိပ်၊ ဝါးရိပ် ခိုလှုံရာ ကမ်းနဖူးပေါ်
'သစ်ပင်မခုတ်ရ' ဆိုင်းဘုတ်နဲ့ သစ်ငုတ်တိုကြီးအကြောင်း ပါချင်ပါမယ်။
ကျွန်တော့်ကဗျာထဲ
သတ်မှတ်ထားတဲ့ စည်းဘောင်အပေါ်
လွဲချော်မှုနဲ့ လွှတ်တင်လိုက်တဲ့ တာဝေးအပြေးသမားတွေအကြောင်း ပါချင်ပါမယ်။

ကျွန်တော့်ကဗျာထဲ
ဓာတ်ပုံဆေးသားထဲ ခမ်းနားသလောက်
လက်တွေ့ မြင်ကွင်းထဲ ပွင့်ဖတ်မစုံ ဥယျာဉ်ကြီးအကြောင်း ပါချင်ပါမယ်။
ကျွန်တော့်ကဗျာထဲ
တစ်မျှော်တစ်ခေါ် ကွင်းပြင်းကျယ်ပေါ်
ပစ်မှတ်ထဲ အိမ်မြှောင်တစ်ခု ပျောက်ဆုံးနေကြ ပင်လယ်သားများအကြောင်း
ပါချင်ပါမယ်။
ကျွန်တော့်ကဗျာထဲ
သက်တမ်းရဲ့ သုံးပုံနှစ်ပုံ ပိုင်ဆိုင်ခွင့်ရကြပေမယ့်
နှလုံးသားမြည်တမ်းချက်နဲ့ အချစ်စစ်စစ် ဆာလောင်သူ လူပျိုကြီး၊
အပျိုကြီးအကြောင်း ပါချင်ပါမယ်။
ကျွန်တော့်ကဗျာထဲ
အကြည့်ချင်းဆုံ ရင်ခုန်မိတဲ့
မျက်ဝန်းနဲ့ ညွှန်းဆိုဖွဲ့ကဗျာတွေ ပါချင်ပါမယ်။
ကျွန်တော့်ကဗျာထဲ
နေဝင်ရီတရောတိုင်း
ပိုက်ကွန်မိ စာကလေးများနဲ့ ကွန်ရက်ကိုင်သူ ငှက်ဖမ်းသမားအကြောင်း
ပါချင်ပါမယ်။
ကျွန်တော့်ကဗျာထဲ
ကောင်းကင်ပေါ်က တိမ်တွေကို ချိတ်နဲ့ ဆွဲချပြီး
လရောင်အရသာ အပြည့်အဝ ခံစားနေကြသူ လဘာဂျာတောကြောင်တွေ
ပါချင်ပါမယ်။
ကျွန်တော့်ကဗျာထဲ
ယုံကြည်မှုနဲ့ ဘဝကို ပုံအောခဲ့
၁၆ နှစ်မလေးရဲ့ နံရံလေးဖက်ကာ စတေကာကြည့်မှန်များအကြောင်း ပါချင်ပါမယ်။

ကျွန်တော့်ကဗျာထဲ
နှုတ်ခမ်းပေါင်းများစွာ နမ်းရှုံ့နေကျ
လမ်းဘေးကဖီးဆိုင်ထဲက ရေနွေးကြမ်းပန်းကန်တစ်လုံးအကြောင်း
ပါချင်ပါမယ်။
ကျွန်တော့်ကဗျာထဲ
အမုန်တရားကို တရှိုက်မက်မက် မွတ်သိပ်ခဲ့
စိတ္တဇရောဂါသည်ရဲ့ နိဗ္ဗာန်ယာဉ်အကြောင်း ပါချင်ပါမယ်။
ကျွန်တော့်ကဗျာထဲ
ဘိုးဘွားလက်ထက် ရွှေပေါ် မြတင်နေခဲ့ရ
လက်ရှိ နားပေါက်ဟောင်းလောင်းနဲ့ မိခင်အိုကြီးအကြောင်း ပါချင်ပါမယ်။
ကျွန်တော့်ကဗျာထဲ
မိခင်အိုကြီးဆီ ကဗျာပါဆယ်ထုပ် ပို့လိုက်တဲ့
ကျွန်တော့်ခရီးတစ်ခုရဲ့ ၂၅ နှစ်တာ မွေးနေ့စစ်တမ်းအကြောင်း ပါချင်ပါမယ်။
ဘာပဲပြောပြော
အမုန်တကယ်
ကျွန်တော့်ကဗျာထဲမှာ
“သံသရာအတိုင်း ခရီးနှင်ကြဖို့
ခန္ဓာကိုယ် ဘောကြီးထဲ
နေ့စဉ် လောင်စာဖြည့်နေကြတဲ့ ပုထုဇဉ်တွေအကြောင်း” ပါပဲ။

**လူဇော်သစ်**
(ရသလင်္ကာရှည်၊ ချယ်ရီမဂ္ဂဇင်း၊ ၂၀၀၁ ဇူလိုင်လ)

## မာကျူရီလေထန်ကုန်း

ဦးခေါင်းများထဲ
အခန်းကိုယ်စီ လိုက်ကာပွင့်လို့
လေပြေစွေ့စွေ့ အနမ်းနဲ့
ဒိုက်သရောမှတ်**ညဏ်**များက
လေယူရာ အချိန်အခါမဟုတ် တိမ်းမူးလည်း
ဘဝတွေ အနည်ထိုင်ခဲ့ကြ။
သူစိမ်းတွေရယ်၊ သင်္ကေတရယ်၊ ရီဝေဝေညနေချမ်းရယ်
တစ်နေ့ထက်တစ်နေ့ အာရုံတွားသွားရာ နေရီရီနဲ့
ချစ်ခြင်းတရားကို ဖြစ်စေခဲ့။
မျှော်လင့်ချက်ခေါင်ခိုက်မှု လျော့ပါးကာစ
မျက်လုံးများက အချင်းချင်း လက်ဝါးရိုက်ကြ
ယုံကြည်ခြင်းလည်း
တစ်ဦးကိုတစ်ဦး ရင်ချင်းဆက်အမြွှာ
ဖြစ်ခဲ့တယ်
ဖြစ်နေတယ်
ဆက်ဖြစ်ပွားဦးမယ်
ဒါ
ဂျလေဘီပလက်ဖောင်းပေါ်က အိုအေစစ်မှတ်တမ်း
(သို့မဟုတ်)
ရောင်စုံမီးများ ဝိုင်းရံနေတဲ့ ဆင်ခြေဖုံးရပ်ကွက်လေး။ ။

**လူဇော်သစ်**
(ရွှက်နုဝေမဂ္ဂဇင်း၊ ၂၀၀၂ ဩဂုတ်လ)

# ကိုယ်ရေးအကျဉ်း

ဘဝက
အနုတ်စုတ်ဂုတ်စုတ် အမှိုက်ခြင်းတစ်လုံး
ကဗျာက
မိုးကောင်းကင် ဒူးနဲ့ တိုက်မယ်။
တသဝေမတိမ်း
စည်းဘောင်တွေ ရိုက်ချိုးလို့
ကိုယ့်စေတနာနဲ့
ကိုယ့်ကမ္ဘာကို ဆေးခြယ်
ကိုယ့်ဝါသနာနဲ့
ကိုယ့်ပီတိကို ဝမ်းရေးဖူလုံစေခဲ့တယ်။
မတ်တတ်စာက
ကိုယ်တိုင် ကြေညာချင်တဲ့ ကိုယ့်သမိုင်းကြောင်း
တုံးလုံးစာက
ခံစားချက်နဲ့ ရေးဖွဲ့ထားတဲ့ ကိုယ့်သေတမ်းစာ။
အိမ်ပြန်နောက်ကျသူအတွက်
အချိန်မလိုဘူး
ရာသီဥတုမလိုဘူး
ဦးခေါင်းထဲမှာ ချိန်သီးတစ်လုံးရှိတယ်
နှလုံးသားထဲမှာ ရေချိန်ကိုက် ဝေါဟာရတွေ ရှိတယ်
ဘာပဲဖြစ်ဖြစ်
ငရုတ်သီးပိုး ဖြစ်လာမှတော့
အစပ်မကြောက်တော့ဘူးပေါ့ မေမေရယ်။ ။

**လူဇော်သစ်**
(သပြေတေးမဂ္ဂဇင်း၊ ၂၀၀၂ နိုဝင်ဘာလ)

# မိုးခေါင်ရေရှား သစ်ပင်

ဆုပ်ကိုင်လိုက်တော့
လက်ထဲ
မရေရာစိတ်တွေ အခိုင်လိုက် သီးလို့
နေ့ခင်းများ ပိုးတရီ
ညခင်းများ မှုန်တဝါး
ထွေရာလေးပါး ဓာတ်မြေသြဇာနဲ့
ရည်ရွယ်ရာ ရေသောက်မြစ်လည်း
ယုံကြည်ရာ အမြစ်ထိုး ရှင်သန်တုန်း
မိုးရွာတဲ့အခါ
နေခြည်မဖြာဘူး
နေခြည်ဖြာတဲ့အခါ
မိုးမရွာဘူး
လေတိုက်တဲ့အခါ
ကျွန်တော်
လေကောင်းလေသန့် ရွေးရှူရတာ မောတယ်။ ။

**လူဇော်သစ်**
(သပြေတေးမဂ္ဂဇင်း၊ ၂၀၀၃ စက်တင်ဘာလ)

## မိုးရာသီနဲ့ တစ်ကိုယ်တော်

အရိုးများတဲ့ နေ့တွေထဲ
အစာရေစာ မဝလင်တဲ့ ခန္ဓာတစ်ခု ရှိမယ်။
စိတ်ရှိလက်ရှိ ပွင့်ပစ်လိုက်မယ် ကြံတိုင်း
ကျောထောက်နောက်ခံ မရှိတဲ့ ပန်းများရဲ့ ဂီတ
ငါ နားနဲ့ ဆက်ဆက်ကြားလိုက်ရတယ်။
မျှော်လင့်ချက်တွေ ဘယ်အရပ်ဆီ လေသွေးခဲ့ပြီလဲ
ဥယျာဉ်များရှိရာ
ငါ့လက်ရုံးကို အခြေတကျ စိုက်ထူခွင့်ရဖို့
စိတ်ကူးထဲ
လက်မောင်းသွေးတွေ တစိမ့်စိမ့် ရှာသွန်းကြည့်မိတယ်။
ယတြာရယ်၊ ဗေဒင်ရယ်၊ ကိန်းဂဏန်းရယ်
မလိုအပ်ခဲ့ပါ။
ကောင်းကင်ဆီ
သူလို ကိုယ်လို ဂါရဝတရားတွေ မည်းမှောင်လာတော့
ငါ့ရင်တစ်ပြင်လုံး
မိုးချုန်းသံတွေ တဝုန်းဝုန်း မြည်ဟည်းလာတယ်။
သေချာပါပြီ
အိုက်စပ်ချွေးပျံလာတဲ့ ငါ့ခန္ဓာပေါ်
ငါလိုအပ်တဲ့ မိုးတွေ
ငါကိုယ်တိုင် ရှာသွန်းရတော့မယ်။

**လူဇော်သစ်**
(မြားနတ်မောင်၊ ၂၀၀၃ ဇူလိုင်လ)

## ချစ်သူသို့

ဘာကြောင့်များ
မရှာခဲ့တာလဲ
မိုးရယ်။
ငါ့မှာ
မိုးဥတုဖြစ်လျက်
တိမ်အပြည့်နဲ့ မိုးခေါင်ခံရသူ။
ရာသီကို ချစ်မြတ်လွန်းတော့လည်း
မိုးရေစက်အစား
မျက်ရည်တွေ ရှာချပေးလိုက်ရပါတယ်။

**လူဇော်သစ်**
(သရဖူ၊ ၂၀၀၂ အောက်တိုဘာလ)

## ရင်နာတေး

ပြောရရင်
ဇာတ်လမ်းက အရှည်ကြီး။
ပန်းနုရောင် နှုတ်ခမ်းသားပေါ်မှာ
ငါ့နှလုံးသား မိန်းမောငေးရီလို့
ကလေးတစ်ယောက် မိခင်ရင်ငွေ့လှုံသလို
အချစ်ကလေး
ခန္ဓာကို အကြင်နာနဲ့ ပိုက်ထွေးခဲ့တယ်။
မစို့မပို့ အလွမ်းက
သံသရာရှည်အောင် ဆွေးရတယ်။
နှုတ်ခမ်းနှစ်လွှာပေါ်
နှုတ်ခမ်းနီဆိုးဆေး အရောင်လွင့်တဲ့အထိ
ယုယမှုက
ကမ္ဘာကုန် ကျယ်ခဲ့တယ်။
ဒီလို
စိတ်ကူးလေးတွေ မျောလွင့်ခဲ့ဖူးတဲ့ ဘန်ဂလိုလေး
ခုတော့
လောင်မီးပိုးကျ စပါးနှံလေးလို
ရှင်သန်မှုက အဝေး။
ဒီဇာတ်လမ်း
မပြောတာဘဲ ကောင်းမယ်ထင်တယ်။

**လူဇော်သစ်**
(ရတီမဂ္ဂဇင်း၊ ၂၀၀၃ မေလ)

## ချစ်သူ့ချော့တေး

အေးစက်စက် လက်ချောင်းများနဲ့
မင်းမျက်နှာကို ပွတ်သပ်နေဦးမလား။
မျက်ဝန်းဖျားပေါ်
အခြေမခိုင့်တခိုင် နှင်းဥလေးတွေ တွဲခိုလို့
မင်း ငိုနေသလား။
အချစ်ကလေး
မြောက်ပြန်လေညင်းက မှုန်ဝါးလွန်းတယ်
ကုတ်အင်္ကျီမဲ့တဲ့ ရာသီမှာ
တို့ သံယောဇဉ်လေး ရက်ဖွဲ့လို့
တူနှစ်ကိုယ်
အချစ်ကြောင့် နွေးတဲ့ အနွေးထည်လေးအဖြစ်
ဆောင်းကို သက်သေပြမယ်။
မင်းတွဲထားတဲ့ ငါ့လက်
မင်းအကြင်နာ ကိုယ်ငွေ့ကြောင့် နွေးတယ်
ငါတွဲထားတဲ့ မင်းလက်
ငါ့အကြင်နာကိုယ်ငွေ့ကြောင့် နွေးတယ်။
ဘဝမှာ
စိုးရိမ်ပူပန်စရာ များလွန်းတော့
ဘာမှ စိုးရိမ်ပူပန် မနေပါနဲ့ အချစ်ကလေး
ငါ
သဇင်ပန်းလို
ပန်းပျံပင်ဆင့် ခွန်အားတို့ မွေးမြူထားပါတယ် အချစ်ရယ်။

**လူဇော်သစ်**
(ရန်နုံ့သစ်မဂ္ဂဇင်း၊ ၂၀၀၃ ဇန်နဝါရီလ)

# ကဗျာကျွန်း

အဝေးဆီ
ကမ်းခြေကျောက်ဆောင် အရိပ်ယောင်လား

စိတ်ကိုညွတ်ပြနေတဲ့ လမ်းညွှန်မြေပုံလေး
စိတ်သီချင်းနဲ့
စိတ်လှေကလေး ငါလှော်ထွက်ခဲ့

ငါ့ကိုယ်ငါ နားမလည်နိုင်လောက်အောင်
ငါ့ဘာသာစကားတွေက
ငါ့ကို တဖြည်းဖြည်း ဆွဲ့အစေခဲ့တယ်။

**လူဇော်သစ်**
(မိုးဂျာနယ်၊ ၂၀၀၃ ဇူလိုင်လ)

# ညနေခင်းမှတ်စု

ကျန်းမာရေးနဲ့ထပ်တူ
ညနေခင်း
ခြေညောင်းလက်ဆန့် စိတ်ကူးတွေ မျှော်ကြည့်တော့
ဘဝအမောက
နေဝင်ချိန် တိမ်တောက်လို့

ထွေရာလေးပါး
အိပ်တန်းပြန်ကျေးငှက်အော်သံနဲ့
မျှော်လင့်ချက်တို့ ကွန်းခိုချိန်
ငါ့လက်ရုံးက
အလိုလို တောင်စွယ်နေကွယ်

မြင်နေကျအတိုင်းပါပဲ
ဆည်းဆာနေခြည်အောက်မှာ
တောင်ကုန်းတွေ ထွန်းပနေပြီး
ချိုင့်ဝှမ်းတွေ အလိုလို ညဥ့်နက်သွားကြ။ ။

**လူဇော်သစ်**
(ချယ်ရီမဂ္ဂဇင်း My paradise တစ်ကိုယ်တော်ရှိုး၊ ၂၀၀၂ ဇွန်လ)